ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၁၆)    ၂၀၂၄ ခုနှစ် ဧပြီလ ၂၆ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေနှင့်အမိန့်ကြော်ငြာစာအသစ်များအကြောင်း သိကောင်းစရာ။ | ၂-၄ |
| ၂။ | ပြည်သူ့စစ်မှုထမ်းအဖြစ်တာဝန်ထမ်းဆောင်ခြင်းနှင့် အလုပ်ရှင်၊အလုပ်သမားများလိုက်နာရမည့်အချက်များနှင့်စပ်လျဉ်း၍ သိကောင်းစရာ။ | ၅-၆ |
| ၃။ | စက်မှုဇုန်နည်းဥပဒေများ ထုတ်ပြန်ခြင်းနှင့် စပ်လျဉ်းသည့် သတင်းစဉ်။ | ၇ |
| ၄။ | ဟင်းသီးဟင်းရွက်ဆီများကို ရောနှောဆီ(Blended Oil)အဖြစ်ရောစပ်ရာတွင် အရည်အသွေးအာမခံချက်နှင့် အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာသတ်မှတ်သည့် အမိန့်နှင့်စပ်လျဉ်းသည့် သတင်းစဉ်။ | ၈-၉ |
| ၅။ | တရားစွဲဆိုခြင်းနှန်ပုံငွေဆိုင်ရာသဘောတူညီချက်များ(ကျင့်သုံးနိုင်မှု)ဥပဒေကြမ်းကို ယူကေနိုင်ငံတွင် ဆွေးနွေးလျက်ရှိခြင်း။ | ၁၀-၁၂ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေနှင့် အမိန့်ကြော်ငြာစာအသစ်များအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်သည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းဖြင့်အသုံးပြုခြင်းများကို ဖြေရှင်းနိုင်ရန်နှင့် နောင်ထပ်မံမဖြစ်ပွားစေရေး အတွက် ထိန်းချုပ်နိုင်ရန်ဆောင်ရွက်မည့် စံပြုလုပ်ထုံးလုပ်နည်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၈၄/၂၀၁၉ ကို ပြင်ဆင်သည့်အမိန့်ကြော်ငြာစာ၊ အမျိုးသားစံချိန်စံညွှန်းကောင်စီက ထုတ်ပြန်သည့် မြန်မာစံချိန်စံညွှန်းများသတ်မှတ်ခြင်းအမိန့်ကြော်ငြာစာ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်သည့် ကိုယ်စားလှယ်ဘဏ်လုပ်ငန်းဆိုင်ရာညွှန်ကြားချက်၊ စက်မှုဝန်ကြီးဌာနက ထုတ်ပြန်သည့် စက်မှုဇုန်နည်းဥပဒေများ တို့ကို အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြ ဝန်ဆောင်မှုပေးထားပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၁၈၄ အရ ဘဏ်လုပ်ငန်းစနစ်လုံခြုံမှုနှင့် ခိုင်မာမှုကို မထိခိုက်စေဘဲ သက်ဆိုင်ရာဘဏ်က မိမိကိုယ်စားလှယ်၏ ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများအတွက် မူဘောင်တစ်ခုသတ်မှတ်ပေးခြင်းဖြင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုအား လက်လှမ်းမမှီသည့် ပြည်သူများငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုများ ကျယ်ကျယ်ပြန့်ပြန့်ရရှိစေရန်နှင့် ငွေရေးကြေးရေးစနစ်တွင် အလုံးစုံပါဝင်လာရေးကို တိုးမြှင့်ပေးနိုင်ရန်အတွက် ကိုယ်စားလှယ်ဘဏ်လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်အမှတ်(၁/၂၀၂၄)ကို ၆-၂-၂၀၂၄ရက်နေ့၌ ထုတ်ပြန်ခဲ့ပါသည်။

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၁၆) ၂၀၂၄ ခုနှစ် ဧပြီလ ၂၆ ရက်

ဤညွှန်ကြားချက်သည် ကိုယ်စားလှယ်ခန့်အပ်ဆောင်ရွက်မည့် ဘဏ်များအားလုံးနှင့် သက်ဆိုင်စေရမည်ဖြစ်ပြီး ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်ဖြစ်သည်ကို တွေ့ရှိရပါသည်။

ကိုယ်စားလှယ်ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုဆိုသည်မှာ ဤညွှန်ကြားချက်အရ ခွင့်ပြုထားသည့် ဘဏ်၏ကိုယ်စား ကိုယ်စားလှယ်က ဆောင်ရွက်နိုင်သည့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုကို ဆိုကြောင်း ဖော်ပြထားပါသည်။

ကိုယ်စားလှယ်ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုဆောင်ရွက်လိုသည့်ဘဏ်သည် အဆိုပြုကိုယ်စားလှယ်အမည်၊ အဆိုပြုကိုယ်စားလှယ်၏ တည်နေရာ၊ လိပ်စာနှင့် ဖုန်းနံပါတ်များ၊ အဆိုပြုကိုယ်စားလှယ်က လျှောက်လွှာမတင်မီ လွန်ခဲ့သည့် နှစ်နှစ်အတွင်းဆောင်ရွက်ခဲ့သည့် စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများ၊ ဤညွှန်ကြားချက်နှင့် သက်ဆိုင်ရာ အခြားတည်ဆဲဥပဒေများနှင့်အညီ ချုပ်ဆိုမည့်ဘဏ်နှင့် ကိုယ်စားလှယ်တို့အကြား သဘောတူစာချုပ်(မူကြမ်း)၊ ကိုယ်စားလှယ်သို့ ဆောင်ရွက်ခွင့်ပြုမည့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများနှင့် ဝန်ဆောင်မှုကန့်သတ်ချက်များ၊ ဘဏ်၏ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အဆင့်မြင့်အရာရှိတစ်ဦးက ဘဏ်အနေဖြင့် အဆိုပြုကိုယ်စားလှယ်သည် သင့်လျော်မှန်ကန်ခြင်းရှိမှုဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ အကဲဖြတ်မှုဆောင်ရွက်ထားကြောင်းနှင့် ဤညွှန်ကြားချက်ပါ သတ်မှတ်ချက်များနှင့်ကိုက်ညီကြောင်း အတည်ပြုစာ၊ အဆိုပါကိုယ်စားလှယ်သည် ပြစ်မှုကင်းရှင်းကြောင်း တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းတစ်ခုခု၏ ထောက်ခံချက်၊ ကိုယ်စားလှယ်ခန့်အပ်ခြင်းအတွက် အဖွဲ့အစည်းတစ်ခုလျှင် ဝန်ဆောင်မှုစရိတ် ကျပ် ၂၀၀၀၀၀ အား ဘဏ်က ဗဟိုဘဏ်သို့ပေးသွင်းပြီးကြောင်း အထောက်အထားများကို ဗဟိုဘဏ်သို့ လျှောက်ထားရမည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ငွေသားအပ်နှံခြင်းနှင့်ထုတ်ယူခြင်း၊ ငွေတောင်းခံလွှာများကို ကောက်ခံခြင်း/ဘဏ်သို့ ပေးသွင်းခြင်း၊ ချေးငွေပြန်လည်ကောက်ခံပေးခြင်းနှင့် ချေးငွေလျှောက်ထားခြင်းနှင့်စပ်လျဉ်းသည့် အထောက်အထားစာရွက်စာတမ်းများ စုစည်းကောက်ခံပေးခြင်း၊ ပြည်တွင်းငွေလွှဲဆောင်ရွက်ခြင်း၊ အငြိမ်းစားလစာ

နှင့် နိုင်ငံတော်မှပေးသော ထောက်ပံ့ငွေ၊ လူမှုရေးအဖွဲ့အစည်းများမှပေးသော ထောက်ပံ့ငွေစသည့် လူမှုရေးဆိုင်ရာ အကျိုးခံစားခွင့်များကို ထုတ်ပေးခြင်း၊ ငွေစာရင်းလက်ကျန်များ စစ်ဆေးခြင်း၊ ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူများအကြား စာပေးစာယူဝန်ဆောင်မှုများကို တာဝန်ခံဆောင်ရွက်ပေးခြင်း၊ ဗဟိုဘဏ်က အခါအားလျော်စွာခွင့်ပြုသည့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုလုပ်ငန်းများကို ဘဏ်နှင့်ကိုယ်စားလှယ်ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုပေးသည့် ကိုယ်စားလှယ်အကြားတွင် သဘောတူသတ်မှတ်ထားသည့်အတိုင်း ကိုယ်စားလှယ်သည် အဆိုပါဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါသည်။

ဘဏ်သည် ကိုယ်စားလှယ်နှင့်စပ်လျဉ်း၍ မှန်ကန်သည့် သတင်းအချက်အလက်များရယူရန် တာဝန်ရှိပြီး အဆိုပါသတင်းအချက်အလက်များမှန်ကန်ကြောင်း ဗဟိုဘဏ်သို့ တာဝန်ခံနိုင်ရမည်ဖြစ်ကြောင်း၊ အဆိုပြုကိုယ်စားလှယ်၏သတင်းအချက်အလက်များအား ဗဟိုဘဏ်နှင့် သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ တောင်းခံခွင့်ရှိသည့် အာဏာပိုင်အဖွဲ့အစည်းများက တောင်းခံခြင်းမှအပ လျှို့ဝှက်ထားရှိရမည်ဖြစ်ကြောင်း၊ ခန့်အပ်သောကိုယ်စားလှယ်မှတစ်ဆင့်ဆောင်ရွက်သော ငွေကြေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများအားလုံးကို မြန်မာကျပ်ငွေဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ကြောင်းတို့ကိုလည်း တွေ့ရှိရပါသည်။

ဘဏ်နှင့်ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုပေးသည့် ကိုယ်စားလှယ်တို့သည် ဤညွှန်ကြားချက်ပါ စည်းကမ်းသတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာပျက်ကွက်ပါက ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း၊ ဘဏ်သည် ကိုယ်စားလှယ်အား ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်စေရာတွင် ဘဏ်လုပ်ငန်းအချိန်တွင်းသာ ဆောင်ရွက်ခွင့်ပြုစေရမည် ဖြစ်ကြောင်းတို့ကိုလည်း သိရှိရပါသည်။

e- Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## ပြည်သူ့စစ်မှုထမ်းအဖြစ်တာဝန်ထမ်းဆောင်ခြင်းနှင့် အလုပ်ရှင်၊ အလုပ်သမားများ လိုက်နာရမည့်အချက်များနှင့်စပ်လျဉ်း၍ သိကောင်းစရာ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေသည် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှစတင်၍ အာဏာတည်စေရမည်ဖြစ်ကြောင်း၊ ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ(ခ)အရ သတ်မှတ်လိုက်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၁၀-၂-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၄ ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၂(ခ) တွင် ပြဋ္ဌာန်းထားသည့် စစ်မှုထမ်းရမည့်အသက်အရွယ်ရောက်သူများကို ယင်းဥပဒေပုဒ်မ ၃ တွင် ပြဋ္ဌာန်းထားသည့် ကာလအပိုင်းအခြားအတွက် ပြည်သူ့စစ်မှုထမ်းရန် ဆင့်ခေါ်နိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၈(က) တွင် ပြည်သူ့စစ်မှုထမ်းအဖြစ်တာဝန်ထမ်းဆောင်နေသောနိုင်ငံ့ဝန်ထမ်းတစ်ဦးအား ယင်းတာဝန်ထမ်းဆောင်နေသည့်ကာလကို တာဝန်ချိန်အဖြစ်သတ်မှတ်သည်ဟုလည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၁၈(ခ) တွင် ပြည်သူ့စစ်မှုထမ်းကာလပြီးဆုံးသောအလုပ်သမားတစ်ဦးအား မူလထမ်းဆောင်ခဲ့သော အလုပ်အကိုင် သို့မဟုတ် အလားတူ အလုပ်အကိုင်တွင် သတ်မှတ်ထားသည့်အတိုင်း အလုပ်ရှင်က ခန့်ထားရမည်ဟုလည်းကောင်း ပြဋ္ဌာန်းထားပြီး ပြည်သူ့စစ်မှုထမ်းရန်ကာလ ပြီးဆုံးသော မိမိ၏အလုပ်သမားအား ပုဒ်မ ၁၈၊ ပုဒ်မခွဲ(ခ) အရ အလုပ်ခန့်ထားရန် ပျက်ကွက်ပါက ယင်းဥပဒေပုဒ်မ ၂၃(စ) အရ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။

ထို့ပြင် ၂၀၁၆ ခုနှစ်၊ အခကြေးငွေပေးချေရေးဥပဒေပုဒ်မ ၃(ဂ) တွင် အလုပ်သမားတစ်ဦးဦးက ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းရသည့်အခါ ထိုအလုပ်သမားအား အထူးခွင့်အဖြစ်သတ်မှတ်ပြီး ရက်ပေါင်း ၆၀ အတွက် အခကြေးငွေ ထုတ်ပေးရမည်ဟုလည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၁၉၊

ပုဒ်မခွဲ (က)တွင် စစ်ဆေးရေးအရာရှိသည် ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ဖောက်ဖျက်သူအား စစ်ဆေးရေးအရာရှိချုပ်၏ခွင့်ပြုမိန့်ဖြင့် သက်ဆိုင်ရာတရားရုံးတွင် ဤဥပဒေအရ တရားစွဲဆိုရမည်ဟုလည်းကောင်း၊ ပုဒ်မခွဲ (ခ) တွင် ပုဒ်မခွဲ (က) အရ တရားစွဲဆိုခြင်းကြောင့် အလုပ်သမားက ရရန်ရှိသော အခကြေးငွေများရရှိရေးအတွက် တရားမကြောင်းအရ တရားစွဲဆိုတောင်းခံပိုင်ခွင့်ကို မထိခိုက်စေရဟု လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

သို့ဖြစ်ပါ၍ ပြည်သူ့စစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်ရမည့်အလုပ်သမားများ၊ ပြည်သူ့စစ်မှုထမ်းကာလပြီးဆုံးသော အလုပ်သမားများနှင့်သက်ဆိုင်သည့်ဥပဒေပြဋ္ဌာန်းချက်များကို အလုပ်ရှင်နှင့်အလုပ်သမားများအနေဖြင့် သိရှိထားရန် လိုအပ်ပါသည်။

ပြစ်မှုဆိုင်ရာအယူခံပြင်ဆင်စိစစ်ရေးဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

## စက်မှုဇုန်နည်းဥပဒေများ ထုတ်ပြန်ခြင်းနှင့် စပ်လျဉ်းသည့် သတင်းစဉ်

စက်မှုဝန်ကြီးဌာနသည် စက်မှုလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စက်မှုဇုန်များ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်၊ စက်မှုဇုန်များကို နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဘောင်များနှင့်အညီ စနစ်တကျ စီမံထူထောင်၍ ပြည်တွင်းပြည်ပ လုပ်ငန်း ရှင်များ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်စေရန်၊ ကုန်ထုတ်လုပ်ငန်းနှင့် ကုန်ထုတ်လုပ်မှုဆိုင်ရာဝန်ဆောင်မှု လုပ်ငန်းများ၏လိုအပ်ချက်များကို ပြည့်စုံစွာ စီမံဆောင်ရွက်ခြင်းဖြင့် စက်မှုဇုန်များအတွင်း လုပ်ငန်း ချိတ်ဆက်မှုအားကောင်း၍ ဈေးကွက်အရ ယှဉ်ပြိုင်နိုင်သော စက်မှုလုပ်ငန်းများဖြစ်လာစေရန်၊ စက်မှုလုပ်ငန်းများကို စက်မှုဇုန်အတွင်းအခြေချလုပ်ကိုင်ဆောင်ရွက်လာစေရန်နှင့်စက်မှုလုပ်ငန်းများ ကြောင့် သဘာဝနှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများ မဖြစ်ပေါ်စေရေး၊ လျော့နည်းစေရေးအတွက် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများ နှင့်အညီ စနစ်တကျစီမံဆောင်ရွက်စေရန်၊ စက်မှုဇုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်း တိုးမြှင့်လာစေပြီး နိုင်ငံသားများ၏ လူနေမှုအဆင့် မြင့်မားလာစေရန်နှင့် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များကို လျော့နည်းစေရန်၊ စက်မှုဇုန်များ၏ ကွန်ရက် ချိတ်ဆက်မှုပိုမိုအားကောင်းလာစေရန်၊ လိုအပ်ချက်များဖြည့်ဆည်းရန်နှင့်တာဝန်ယူ၊ တာဝန်ခံမှုစနစ် ထွန်းကားလာစေရန်၊ အသုံးပြုခွင့်ရရှိထားသောမြေများကို လက်တွေ့အသုံးပြုခြင်းဖြင့် နိုင်ငံ့စီးပွားရေး တိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်လာစေရန်ရည်ရွယ်၍ ပြည်ထောင်စု အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် စက်မှုဇုန်နည်းဥပဒေများကို ၂-၄-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၅/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့ကြောင်း သိရှိရသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များ စိစစ်ရေးဌာနခွဲ

ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: စက်မှုဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၁၆) ၂၀၂၄ ခုနှစ် ဧပြီလ ၂၆ ရက်

## ဟင်းသီးဟင်းရွက်ဆီများကို ရောနှောဆီ (Blended Oil) အဖြစ် ရောစပ်ရာတွင် အရည်အသွေး အာမခံချက်နှင့် အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာ သတ်မှတ်သည့်အမိန့်နှင့် စပ်လျဉ်းသည့် သတင်းစဉ်

မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့သည် အမျိုးသားအစားအသောက် ဥပဒေ ပုဒ်မ ၃၈ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၄ ဖြင့် ဟင်းသီးဟင်းရွက်ဆီများကို ရောနှောဆီ (Blended Oil) အဖြစ် ရောစပ်ရာတွင် အရည် အသွေးအာမခံချက်နှင့် အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာသတ်မှတ်သည့်အမိန့်ကို ၂၉-၃-၂၀၂၄ ရက်နေ့ တွင် ထုတ်ပြန်ကြောင်း သိရသည်။

ယင်းအမိန့် အပိုဒ် ၁ အရ ဟင်းသီးဟင်းရွက်ဆီများကို ရောနှောဆီ (Blended Oil) အဖြစ် ရောစပ်ရာတွင် အမျိုးအစားနှစ်မျိုးသာ ရောစပ်ရမည်ဖြစ်ပြီး ဟင်းသီးဟင်းရွက်ဆီတစ်မျိုးသည် အနည်းဆုံး ၄၀ ရာခိုင်နှုန်းဖြစ်ရမည်ဖြစ်ကြောင်း၊ မည်သည့်အနံ့မျှ ထည့်သွင်းခြင်းမပြုရန်နှင့် တိရစ္ဆာန်အဆီနှင့် ဝါစေ့ဆီကြမ်းတို့ကို ရောနှောဆီအဖြစ် အသုံးမပြုရန်ဖြစ်ကြောင်း၊ အပိုဒ် ၂ အရ အသင့်ထုပ်ပိုးထားသော ရောနှောဆီ (Blended Oil) ကို အမှတ်တံဆိပ်ကပ်ရာတွင် မြန်မာနိုင်ငံ အစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့၏ ၂၀-၁-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၂၂ ဖြင့်ထုတ်ပြန်ခဲ့သည့် အသင့်ထုပ်ပိုးထားသောအစားအသောက်များ အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာ အမိန့်ပါဖော်ပြချက်များကို လိုက်နာရမည့်အပြင် ရာခိုင်နှုန်းများသည့် ဆီအမျိုးအမည်ကို ဦးစားပေး ဖော်ပြခြင်း၊ ရှေ့မြင်ကွင်းမျက်နှာပြင်ပေါ်ရှိ "ရောနှောဆီ" ဆိုသည့် အစားအသောက်အမျိုးအမည်ကို ဖော်ပြရာ၌ စာလုံးအရွယ်အစားသည် တစ်လီတာဆံ့ ထုပ်ပိုးပစ္စည်းတွင် အနည်းဆုံး ၆ မီလီမီတာ ရှိသည့် မြန်မာအက္ခရာ "ဝ" (ဝလုံး) စာလုံးအရွယ်ကို အခြေခံ၍ ထုပ်ပိုးပစ္စည်းအရွယ်အစားနှင့် လိုက်လျောညီထွေစွာ ဖော်ပြခြင်း၊ "ရောနှောဆီ" ဆိုသည့် အစားအသောက်အမျိုးအမည်ကို ဖော်ပြ ထားသော စာလုံး၏အရောင်သည် မြင်သာသည့်နောက်ခံတွင် ဖတ်ရလွယ်ကူစေရန် ကွဲပြားစွာဖော်ပြ ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် မည်သူမဆို ဤအမိန့်ကို လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ စံမညီအစားအသောက်ကို ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း

သို့မဟုတ် ရောင်းချခြင်းပြုပါက အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၂၈ ပုဒ်မခွဲ (က) အရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သိရှိရသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များ စိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့

## တရားစွဲဆိုခြင်းရန်ပုံငွေဆိုင်ရာ သဘောတူညီချက်များ(ကျင့်သုံးနိုင်မှု)ဥပဒေကြမ်းကို ယူကေနိုင်ငံတွင် ဆွေးနွေးလျက်ရှိခြင်း

တရားစွဲဆိုခြင်းရန်ပုံငွေဆိုင်ရာသဘောတူညီချက်များ(ကျင့်သုံးနိုင်မှု)ဥပဒေကြမ်းကို ၁၅-၄-၂၀၂၄ ရက်နေ့က ယူကေနိုင်ငံ၏လွှတ်တော်တွင်ပထမဆုံးအကြိမ်အချေအတင်ဆွေးနွေးခဲ့ပါသည်။ အောက်လွှတ်တော်တွင် ဥပဒေကြမ်း၏ ဒုတိယအကြိမ်ဖတ်ကြားမှု၌ ဥပဒေကြမ်း၏နောက်ကြောင်းပြန်သဘောသဘာဝ အချေအတင်ဆွေးနွေးနေသည့်ကိစ္စရပ်များတွင် အရပ်ဘက် တရားရေးကောင်စီ Civil Justice Council (CJC) မှပြန်လည်သုံးသပ်ခြင်းနှင့် ပျက်စီးဆုံးရှုံးမှုကိုအခြေခံသည့် သဘောတူညီချက်များ Damage Based Agreement (DBAs) ဆိုင်ရာစည်းမျဉ်းများမြှင့်တင်ရန် လိုအပ်ခြင်းဆိုင်ရာကိစ္စကို ဆွေးနွေးခဲ့ပါသည်။

ဥပဒေကြမ်းကို မိတ်ဆက်ရာတွင် စကော့တလန်နိုင်ငံမှ ဥပဒေပညာရှင် Lord Stewart (Keith Stewart KC) က PACCAR Inc & Ors v Competition Appeal Tribunal & Ors တွင် တရားရုံးချုပ်၏စီရင်ချက်မချမီ ရန်ပုံငွေအနေအထားကို ပြန်လည်ရယူရန် အရေးတကြီး လိုအပ်ကြောင်းပြောကြားခဲ့သည်။ အဆိုပါအမှုမှာ ယှဉ်ပြိုင်မှုဥပဒေချိုးဖောက်မှုအတွက် စုပေါင်း တရားစွဲဆိုရန်လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ ရက်စွဲဖြင့် ဆုံးဖြတ်ချက်အရ DAF အပါအဝင် ဥရောပအဓိကထရပ်ကားထုတ်လုပ်ရေးအဖွဲ့ ငါးဖွဲ့သည် ယှဉ်ပြိုင်မှုဥပဒေကို ချိုးဖောက်ကြောင်းတွေ့ရှိခဲ့ပါသည်။ အခြားလုပ်ငန်းများတွင် ရန်ပုံငွေပေးသူ၏အမြင့်ဆုံးလစာငွေသည် တရားစွဲဆိုမှုတွင် နောက်ဆုံးပြန်လည်ရရှိသည့် ပျက်စီးဆုံးရှုံးမှုဝေစုကို ကိုးကား၍ တွက်ချက်မည့် တရားစွဲဆိုခြင်း ရန်ပုံငွေဆိုင်ရာသဘောတူညီချက်များ (LFAs) ရှိပါသည်။ သို့သော် DAF တွင် အဆိုပါ LFAs များမရှိဘဲ သဘောတူညီချက်များမှာ ပျက်စီးဆုံးရှုံးမှုကို အခြေခံသည့်သဘောတူညီချက် DBA များသာ ဖြစ်ကြောင်း အဆိုတင်သွင်းခဲ့ပါသည်။ ယင်းအဆိုကို ခုံရုံးနှင့်တိုင်းဒေသကြီးတရားရုံးတို့က ပယ်ချခဲ့သဖြင့် တရားရုံးချုပ်သို့ တိုက်ရိုက်အယူခံဝင်လျက်ရှိပါသည်။တရားစွဲဆိုခြင်းဆိုင်ရာရန်ပုံငွေသဘောတူညီချက်သည် အခြားသူတစ်ဦး၊ ကုမ္ပဏီ

သို့မဟုတ် အခြားတရားဝင်အဖွဲ့အစည်းအပေါ် တရားရုံးတွင် တောင်းဆိုမှုတစ်ခုအတွက် ငွေကြေးထောက်ပံ့ရန်သဘောတူညီချက်ဖြစ်ပါသည်။

နောက်ကြောင်းပြန်အကျိုးသက်ရောက်မှုသည် တရားစီရင်ရေးဆိုင်ရာရန်ပုံငွေသဘောတူညီချက်များ("LFAs")များအောက်ရှိ သဘောတူညီထားသည့် စာချုပ်ဆိုင်ရာအခွင့်အရေးများနှင့်တာဝန်များကို တရားရုံးချုပ်၏စီရင်ချက်မချမီ ရည်ရွယ်ထားသည့်အတိုင်း ဆက်လက် အကျိုးသက်ရောက်မှုရှိစေမည်ဖြစ်သည်။ ဤပြဋ္ဌာန်းချက်များသည် လက်ရှိအမှုတွဲများအပါအဝင်("LFAs") နှင့် သက်ဆိုင်သည့် အမှုတွဲများတွင် မသေချာမရေရာမှုများကို ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။

ဥပဒေပညာရှင် Lord Ponsonby (Frederick Ponsonby) က 'နောက်ကြောင်းပြန်ဥပဒေပြုခြင်းအား အသိအမှတ်ပြုကြောင်းနှင့် ပြီးဆုံးခဲ့သောကိစ္စတွေမှာ သဘောတူညီချက်အားလုံးကို ထိန်းသိမ်းထားဖို့နည်းလမ်းမရှိသော်လည်း လက်ရှိအသက်ဝင်နေသော သဘောတူညီချက်များအားလုံးကိုပြန်လည် ညှိနှိုင်းနိုင်ကြောင်း၊ သို့သော် ၎င်းသည် စက်မှုလုပ်ငန်းကို အများဆုံးပျက်စီးစေမည့် သဘောတူညီချက်ဟောင်းများဖြစ်ခဲ့သောကြောင့် ဥပဒေကြမ်းလိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

Lord Stewart က မကြာမီတွင် CJC သည် အင်္ဂလန်နှင့် Wales တွင် တတိယပုဂ္ဂိုလ်တရားစွဲဆိုမှုရန်ပုံငွေဈေးကွက်တို့ကို ပြန်လည်သုံးသပ်ရန်အတွက် ကိုးကားသည့်စည်းကမ်းချက်များကိုထုတ်ဝေတော့မည်ဖြစ်ကြောင်းလည်း အတည်ပြုခဲ့ပြီး၊ ယင်းတွင် တောင်းဆိုသူများအတွက် ပိုမိုအကာအကွယ်လိုအပ်မှု၊ ကဏ္ဍဆိုင်ရာစည်းမျဉ်းများနှင့် ရန်ပုံငွေပေးသူများထံပေးသော ပြန်အမ်းငွေကဏ္ဍများကဲ့သို့သောကိစ္စရပ်များပါဝင်မည်ဖြစ်ကြောင်း၊ ၂၀၂၅ နွေရာသီတွင် နောက်ဆုံးအစီရင်ခံစာနှင့်အတူ ကြားဖြတ်အစီရင်ခံစာကို လုပ်ဆောင်ရန်ရှိကြောင်း ပြောကြားခဲ့ပါသည်။

DBA စည်းမျဉ်းများ 2013 သည် ယင်းတို့နှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်ရန် အစိုးရအားတွန်းအားပေးခဲ့ပြီး 2019 ခုနှစ်တွင် စည်းမျဉ်းအသစ်တစ်ခုအား Queen Mary University မှ ရှေ့နေ Nick Bacon KC နှင့် ပါမောက္ခ Rachael Mulheron တို့က ရေးဆွဲခဲ့ပြီး အဆိုပါဥပဒေမူကြမ်းကို လက်ခံထားသော်လည်း အစိုးရက ၎င်းတို့အား အာဏာသက်ရောက်စေရန် အတည်ပြုခဲ့ခြင်း မရှိပေ။

Lord Stewartက အစိုးရအနေဖြင့် DBA စည်းမျဉ်းများအရ မလိုလားအပ်သော တရားစွဲဆိုမှုများ မဖြစ်ပေါ်စေရေးအတွက် အချိန်ကာလကိုမြှင့်တင်ရန် ထည့်သွင်းစဉ်းစားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ပြန်လည်ပြင်ဆင်မှုမှန်သမျှသည် ဥပဒေအရ ညှိနှိုင်းဆွေးနွေးမှုပြုလုပ်ရမည်ဖြစ်ဟု ၎င်းက မှတ်ချက်ပြုပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဥပဒေသုတေသနဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Sources : https://www.lawgazette.co.uk/news/smooth-ride-for-paccar-bill-in-lords/5119391.article

https://www.supremecourt.uk/cases/uksc-2021-0078.html

https://www.franciswilksandjones.co.uk/what-is-a-litigation-funding-agreement/#:~:text=A%20litigation%20funding%20agreement%20can,effect%20a%20litigation%20funding%20arrangement.

# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၁၆) ၂၀၂၄ ခုနှစ် ဧပြီလ ၂၆ ရက်


**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

